သင်တို့သည် မုအဇ္ဇင်န်၏အဇာန်သံကိုကြားသည့်အခါ

၎င်းဆိုသည့်အတိုင်း လိုက်ဆိုကြပါ။ ထို့နောက်

ငါကိုယ်တော်အပေါ်သို့ ဆွလာသ်ပို့သကြပါ။

အဗ်ဒုလ္လာဟ်ဗင်န် အမ်ရ်ဗင်န်အာဆ်ွ(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ သူသည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ဤသို့မိန့်ကြားတော်မူသည်ကို
ကြားသိခဲ့သည်။ သင်တို့သည် မုအဇ္ဇင်န်၏အဇာန်သံကိုကြားသည့်အခါ ၎င်းဆိုသည့်အတိုင်းလိုက်ဆိုကြပါ။ ထို့နောက် ငါကိုယ်တော်အပေါ်သို့ ဆွလာသ်ပို့သကြပါ။ အကြင်မည်သူမဆိုငါကိုယ်တော်အပေါ်သို့ ဆွလာသ်တစ်ကြိမ်ပို့သပါက အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အပေါ်၌ရဟ်မသ် ကရုဏာတော် ဆယ်ကြိမ် ချီးမြှင့်တော်မူမည်ဖြစ်သည်။ ထို့နောက် သင်တို့သည်
ငါကိုယ်တော်အတွက် အလ္လာဟ်အရှင်မြတ်ထံတော်ပါးမှ ဝစီလဟ် တောင်ခံပေးကြပါ။
အမှန်တကယ်ပင် ယင်းသည် ဂျန္နသ်သုခဘုံ၏ အဆင့်အတန်းတစ်ခုဖြစ်သည်။ ထိုအဆင့်အတန်းအား
အလ္လာဟ်အရှင်မြတ်၏ကျေးကျွန်တစ်ဦးအား ချီးမြှင့်မည်ဖြစ်၍
၎င်းအားချီးမြှင့်ခံရသူသည် ငါကိုယ်တော်ပင်ဖြစ်မည်ဟု မျှော်လင့်သည်။ သို့ဖြစ်၍
အကြင်မည်သူမဆို ငါကိုယ်တော်အတွက် ဝစီလဟ် (မကာမုမဟ်မူဒ်) တောင်းခံပေးပါက
ထိုသူ့အတွက် ရှဖာအဟ် ကြားဝင်အသနားခံပေးခြင်း ဝါဂျိဗ်ဖြစ်သည်။
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ ဆွလာသ်အတွက်မုအဇ္ဇင်န်၏ဖိတ်ခေါ်သံကို ကြားသူသည် (ဟိုင်းယ္ယာအလဆ်ဆွလာဟ်နှင့် ဟိုင်းယ္ယာအလလ်ဖလာဟ်)မှလွဲ၍ ကျန်စာသားများကို မုအဇ္ဇင်န်ဆိုသည့်အတိုင်း လိုက်ဆိုရမည်။ သို့သော်ထိုစာသားနှစ်ပိုဒ်တွင် ‘လာဟောင်းလ ဝလာကုဝ်ဝသ အိလ္လာဗိလ္လာဟ်ဟု’ ဆိုရမည်။ အဇာန်အားအဖြေပေးပြီးနောက် တမန်တော်မြတ်အပေါ်သို့ ဆွလာသ်(ဒရူးဒ်) ပို့သရမည်။ မည်သူမဆိုကိုယ်တော်မြတ်အပေါ်သို့ ဆွလာသ်တစ်ကြိမ်ပို့သပါက အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အပေါ်၌
‘ဆွလာသ်’ကရုဏာတော်ဆယ်ကြိမ် ချီးမြှင့်တော်မူမည်ဖြစ်သည်။ ကျေးကျွန်
တစ်ဦးတစ်ယောက်ပေါ်သို့ အလ္လာဟ်အရှင်မြတ်က ‘ဆွလာသ်’ချီးမြှင့်ခြင်းဟူသည်ထိုကျေးကျွန်နှင့်ပတ်သက်၍ ကောင်းကင်တမန်များကြားတွင် ချီးမွမ်းခြင်းဖြစ်သည်။
ထို့နောက် ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိမိအတွက်
အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် ဝစီလဟ် တောင်ခံပေးကြရန် မိန့်ကြားတော်မူခဲ့သည်။ယင်းသည် ဂျန္နသ်သုခဘုံ၌ အမြင့်မားဆုံး အဆင့်အတန်းဖြစ်သည်။ ထိုအဆင့်အတန်းကိုအလ္လာဟ်အရှင်မြတ်၏ကျေးကျွန်များအနက် ကျေးကျွန်တစ်ဦးကသာ ရရှိမည်ဖြစ်၍ ကိုယ်တော်ကထိုအဆင့်အတန်းကို ရရှိမည့်သူမှာ မိမိပင်ဖြစ်မည်ဟု မျှော်လင့်ထားသည်။ ဤသည်ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိမိကိုယ်မိမိနှိမ့်ချ၍မိန့်ကြားခဲ့ခြင်းသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်ထိုမြင့်မားသည့်အဆင့်အတန်းသည် လူတစ်ဦးအတွက်သာဖြစ်မည်ဆိုလျှင် ထိုသူသည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သာ ဖြစ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အဖန်ဆင်းခံများအနက်အမွန်မြတ်ဆုံးဖြစ်တော်မူသည်။ ထို့နောက်ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိမိအား ဝစီလဟ်ရရန် ဆုတောင်းပေးသူသည်မိမိ၏ရှဖာအဟ်ကြားဝင်အသနားခံပေးမှုကို ရရှိမည်ဖြစ်‌ကြောင်း ရှင်းပြ‌တော်မူခဲ့သည်။